# ကျွန်ုပ်၏ ကလေးသည် မသန်မစွမ်းဖြစ်နေသည်ဟု ကျွန်ုပ်၏ ထင်ပါက ဘာလုပ်ရမလဲ။



**မသန်စွမ်းမှု အမျိုးမျိုး ရှိပါသည်။ မသန်စွမ်းမှုများသည် သင့်ကလေး၏ သင်ယူလေ့လာမှုပုံစံ၊ ဆက်သွယ်ပေါင်းသင်းသည့် ပုံစံ သို့မဟုတ် ၎င်းတို့ကိုယ်၎င်းတို့ စောင့်ရှောက်ပုံ စောင့်ရှောက်နည်းတို့ကို ထိခိုက်စေနိုင်ပါသည်။**

မသန်စွမ်းမှုသည် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ဖြစ်နိုင်ပါသည်။ ၎င်းတို့တွင် အကြားအာရုံ၊ အမြင်အာရုံ သို့မဟုတ် လှုပ်ရှားမှုဆိုင်ရာ ပြဿနာများ ပါဝင်ပါသည်။ မသန်စွမ်းမှုများသည် စိတ်ခံစားချက်ဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဖြစ်နိုင်ပါသည်။ ၎င်းတို့တွင် သင်ယူလေ့လာရခက်ခြင်း သို့မဟုတ် ၎င်းတို့၏ ခံစားချက်များကို ကိုင်တွယ်ထိန်းချုပ်ရ ခက်ခြင်းတို့ ပါဝင်ပါသည်။

## ကျွန်ုပ်၏ ကလေးတွင် တစ်ခုခု မသန်မစွမ်း ဖြစ်မဖြစ် ဘယ်လိုစစ်ဆေးရမလဲ။



မသန်စွမ်းမှုတစ်ခုခုကို ဆန်းစစ်ဖော်ထုတ်ရန် သင့်ကလေးကို စစ်ဆေးရပါမည်။ သင်တောင်းဆိုလျှင် အစိုးရကျောင်းများသည် သင့်ကလေးကို စစ်ဆေးပေးနိုင်ပါသည်။ သင့်ကျောင်းနယ်မြေခရိုင်သို့ စစ်ဆေးရန်အတွက် တောင်းဆိုစာတစ်စောင် ရေးသားပေးပို့နိုင်ပါသည်။ **အခမဲ့ စစ်ဆေးပေးခြင်း ဖြစ်ပါသည်။ သင့်ကလေး နားလည်သည့် ဘာသာစကားဖြင့် စစ်ဆေးမည်ဖြစ်သည်။**



**မသန်မစွမ်း ဖြစ်နေသည့် ကျောင်းသားများကို ပံ့ပိုးပေးရန် ကျောင်းများတွင် တာဝန်ရှိပါသည်။** ကျောင်းများသည် အထူးပညာရေးဟု ခေါ်သော အရင်းအမြစ်များကို ပေးဆောင်ပါသည်။

**စစ်ဆေးပြီးနောက် သင့်ကလေးသည် အထူးပညာရေးကို လက်ခံနိုင်ခြင်း ရှိမရှိ သင့်ကျောင်းသည် သင်နှင့်ဆွေးနွေးရန် ရက် ရက် 60 အတွင်း သို့မဟုတ် ရက် 60 အောက်တွင်ကခ သင်နှင့်တွေ့ဆုံရကလေးတွင်မည်ဖြစ်သည်။ နောက်ထပ် သိလိုသည်များအတွက် ကျွန်ုပ်တို့၏ *အထူးပညာရေး* ကြေညာစာတမ်းကို ကြည့်ပါ။**

**သင့်ကလေးသည် အထူးပညာရေး သင်ကြားခွင့်ကို ငြင်းပယ်ခံခဲ့ရပါသလား။ သင်ဘာဆက်လုပ်ရမည်ကို သိရှိရန် ကျွန်ုပ်တို့၏ *ငြင်းပယ်ခံရမှုများ* ကြေညာစာတမ်းကို ကြည့်ပါ။**

**Arizona Refugee Resettlement Program**
(အရီဇိုးနား ပြည်နယ် ဒုက္ခသည်ပြန်လည်နေရာချထားရေး အစီအစဉ်)
1789 West Jefferson
Phoenix, Arizona 85007
ဖုန်း- (602) 542-6045

ဓာတ်ပုံသင်္ကေတများဖြင့် ပြုလုပ်၍ 08/20 တွင် ဖန်တီးသည်